**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများနှင့် ယင်းတို့၏ အဓိပ္ပာယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံပါရှိသည်။ အရွက် ၁၄ ရွက်စီ ပါဝင်သော သပြေခက်များသည် မြေပုံ၏ တစ်ဖက်တစ်ချက်စီတွင်ပါရှိသည်။ နိုင်ငံတော်မြေပုံသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နယ်နိမိတ်ပုံသဏ္ဌာန်ကိုလည်းကောင်း၊ သပြေခက်များသည် အောင်အတိတ် အောင်နိမိတ်ဆောင်ခြင်းကိုလည်းကောင်း ကိုယ်စားပြုသည်။

(ခ) သပြေခက်များ၏ တစ်ဖက်တစ်ချက်တွင် အနုပညာမြောက် မြန်မာ့လက်ရာ ကေသရာဇာခြင်္သေ့တစ်စီးစီရှိသည်။ လက်ဝဲဘက်ရှိ ခြင်္သေ့သည် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်ရှိ ခြင်္သေ့သည် လက်ယာဘက်သို့လည်းကောင်း မျက်နှာမူလျက်ရှိသည်။ ခြင်္သေ့နှစ်စီးသည် အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ရဲရင့်ခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ဘေးအန္တရာယ်ဟူသမျှကို ကြီးသည် ငယ်သည် မဟူတူညီသော အားထုတ်မှုဖြင့် နှိမ်နင်းခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။ ခြင်္သေ့နှစ်စီးကို နိုင်ငံတော်မြေပုံ၏ တစ်ဖက်တစ်ချက်တွင် ရပ်ထားခြင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသော စာတမ်းကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အောက်ခြေဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စုဟူသောစာတမ်းကို လက်ဝဲဘက်ရှိ ခြသေ့်အောက်တွင်လည်းကောင်း၊ သမ္မတဟူသောစာတမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြေပုံအောက်ရှိ အလယ်ဗဟိုတွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဟူသော စာတမ်းကို လက်ယာဘက်ရှိ ခြသေ့်အောက်တွင်လည်းကောင်းထားရှိသည်။

(ဃ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ ထိပ်တွင် ကြယ်လက်တံငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့ မတ်မတ်ညွှန်းလျက်ရှိသည်။ ကြယ်သည် ကောင်းကင်၌ ကိုယ်ပိုင်ပကတိအလင်းရောင်ဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် နိုင်ငံအဖြစ် ရပ်တည်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

( င ) ကြယ်၏ တစ်ဖက်တစ်ချက်တွင် မြန်မာ့ရိုးရာကနုတ်ပန်းများဖြင့် ပုံဖော်ထားသည့် မြန်မာပန်းပုံသဏ္ဌာန်ပန်းခက်ပြားများရှိသည်။ ပန်းခက်ပြားများသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်မြင့်မားခြင်းနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ခြင်း ဟူသောအဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

( စ ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အောက်ခံအနီရောင်ပေါ်တွင် ရွှေဝါရောင်ဖြင့် ပုံဖော်ထားပြီး တံဆိပ်၏ ကောက်ကြောင်းမျဉ်းများကို အနက်ရောင်ဖြင့် ရေးဆွဲထားသည်။ အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ ရွှေဝါရောင်သည် မြတ်နိုးတန်ဖိုးထားအပ်ခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း ဖော်ညွှန်းသည်။

(ဆ) နိုင်ငံတော်တံဆိပ်နမူနာပုံစံမှာ နောက်ဆက်တွဲပါအတိုင်းဖြစ်သည်။"

၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ခ)ပါ "ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ကို "ပြောင်းလဲစေရန်ပြင်ဆင်၍ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။


---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

နောက်ဆက်တွဲ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အထိမ်းအမှတ်တံဆိပ်




၁။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါအမှတ်အသားများ၏ အချိုးအစားသတ်မှတ်ပုံမှာ−

အလျား = ၁.၂ x အနံ

အလျား : အနံ၊ ၃၀ : ၂၅

| **အမှတ်** | **ဖော်ပြချက်** |
|---|---|
| (က) | ကြယ်၏ထိပ် |
| (ခ) | ကြယ်၏ဗဟို |
| (ဂ) | ကြယ်၏အောက်အတွင်းထောင့် |
| (ဃ) | ကြယ်အောက်ရှိ ကနုတ်ပန်းထိပ် |
| (င) | မြန်မာနိုင်ငံမြေပုံ၏ မြောက်ဘက်အစွန်း |
| (စ) | မြန်မာနိုင်ငံမြေပုံ၏ အရှေ့ဘက်အစွန်း |
| (ဆ) | မြန်မာနိုင်ငံမြေပုံ၏ အနောက်ဘက်အစွန်း |
| (ဇ) | မြန်မာနိုင်ငံမြေပုံ၏ တောင်ဘက်အစွန်း |
| (ဈ) | သပြေခက် အတွင်းအနား |

(ည) သပြေခက် ထိပ်ဖျား

(ဋ) သပြေခက် အပြင်နား

(ဌ) သပြေခက်နှစ်ခက် အခြေချင်းဆုံသည့်နေရာ

(ဍ) အောက်ခြေဖဲပြား အပေါ်အနား

(ဎ) စာလုံးအပေါ်အနား

(ဏ) စာလုံးအောက်အနား

(တ) အောက်ခြေဖဲပြားအောက်အနား

(ထ) အောက်ခြေ၏ဗဟိုမှတ်

(ဒ) အောက်ခြေဖဲပြားအပေါ်ထောင့်

(ဓ) အောက်ခြေဖဲပြားအောက်ထောင့်

(န) ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ဝဲအပေါ်ထောင့်

(ပ) ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ယာအပေါ်ထောင့်

(ဖ) ကြယ်၏နံဘေးရှိ ကနုတ်ပန်းထိပ်

(ဗ) ကြယ်၏နံဘေးရှိ ကနုတ်ပန်းအလယ်ထိပ်

(ဘ) တံဆိပ်၏ဘေးအနားစွန်း ကနုတ်တက်အပေါ်ထိပ်

(မ) တံဆိပ်၏ဘေးအနားစွန်း ကနုတ်ပန်းအောက်ဘက်ထိပ်


(ယ) ခြင်္သေ့ရင်အုံအရှေ့ရှိ ကနုတ်ပန်းအပေါ်ထိပ်

(ရ) ခြင်္သေ့၏အမောက်တက်ထိပ်

(လ) ခြင်္သေ့၏နှာခေါင်းထိပ်

(ဝ) ခြင်္သေ့၏ရင်အုံ

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အမှတ်အသားများ၏ အရောင်နှင့်အလင်းစံသတ်မှတ်ချက်များမှာ-




| စဉ် | အမျိုးအစား | သတ်မှတ်ချက် |
|---|---|---|
| (က) | ရွှေဝါရောင်(အနု) | ပင်န်တုန်း ၃၉၄၅ စီ (PANTONE 3945 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၁ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၀ % |
| (ခ) | ရွှေဝါရောင် (အရင့်) | ပင်န်တုန်း ၇၇၅၂ စီ (PANTONE 7752 C) |
| | | အပြာ စီ(C) = ၁၁ % |
| | | အနီ အမ်(M) = ၂၄ % |
| | | အဝါ ဝိုင်(Y) = ၉၈ % |
| | | အနက် ကေ(K) = ၃ % |
| | | အရောင်ရင့်(Shade Colour) = ၀.၁၀ စင်တီမီတာ |
| | | အလင်းစံနှုန်း = ၇၅ % |
| (ဂ) | အနီရောင် | ပင်န်တုန်း ၄၈၅ စီ (PANTONE 485 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၉၇ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၁ % |